# ကျွန်ုပ်တို့ ကူညီနိုင်သူများ

Relationships Australia WA ဝန်ဆောင်မှုများကို ယဥ်ကျေးမှု နောက်ခံမရွေး၊ မိသားစု ဖွဲ့စည်းပုံမရွေး၊ ကျား/မ မရွေး၊ လိင်စိတ်တိမ်းညွတ်မှုမရွေး လူတိုင်း ရနိုင်ပါသည်။

ကျွန်ုပ်တို့က ကူညီပံ့ပိုးပေးသူများမှာ-

- ဇနီးမောင်နှံများနှင့် မိသားစုများ
- လူတစ်ဦးချင်း
- ကလေးများနှင့် လူငယ်များ
- အဖိုးအဖွားများနှင့် ပြုစုစောင့်ရှောက်သူများ
- အသက်အရွယ်ကြီးသူများနှင့် သူတို့၏
- မိသားစုဝင်များ
- အက်ဘာရစ်ဂျင်နယ်နှင့် တောရက်စထရိတ်
- ကျွန်းသူကျွန်းသားများ
- ဒုက္ခသည်များနှင့် စာနာမှုအရ ဝင်ရောက်လာသူများ
- အိမ်တွင်း သို့မဟုတ် မိသားစုအတွင်း
- နှိပ်စက်ညှဥ်းပန်းမှု ကြုံတွေ့ခံစားနေရသူများ
- စိတ်ဝေဒနာရှင်များ
- လိင်တူ စုံတွဲများ
- ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများ
- လူမှုအဖွဲ့အစည်းများ

# WA အတွင်း ကျွန်ုပ်တို့၏ တည်နေရာများ

ပြည်နယ်တဝန်းလုံး ကျွန်ုပ်တို့ အနှံ့အပြား တည်ရှိပါသည်။ ထိုနေရာများတွင် ပါဝင်သည်များမှာ -

| | |
|---|---|
| **Albany** | **Kwinana** |
| **Bunbury** | **Mandurah** |
| **Busselton** | **Midland** |
| **Fremantle** | **Northam** |
| **Gosnells** | **South Hedland** |
| **Joondalup** | **West Leederville** တို့ဖြစ်ပါသည်။ |

# ကျွန်ုပ်တို့ကို ဆက်သွယ်ပါ

ပိုမိုသိရှိရန် -

1300 364 277 ကို ဖုန်းဆက်ပါ

www.relationshipswa.org.au ၌ကြည့်ပါ။

info@relationshipswa.org.au ကို အီးမေးလ် ပို့ပါ

ကျွန်ုပ်တို့ကို Twitter @RelationshipsWA တွင် လိုက်ကြည့်ပါ

သို့မဟုတ် ကျွန်ုပ်တို့ကို Facebook @RelationshipsWA တွင် ကြိုက်နှစ်သက်ပြပါ

Relationships Australia
WESTERN AUSTRALIA

Version 1 - May 2021

# ကျွန်ုပ်တို့၏အကြောင်း ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများ



Relationships Australia
WESTERN AUSTRALIA

Burmese - မြန်မာဘာသာ

# ကျွန်ုပ်တို့၏အကြောင်း

Relationships Australia WA သည် လူတစ်ဦးချင်း၊ ဇနီးမောင်နှံများ၊ မိသားစုများနှင့် လူမှုအဖွဲ့အစည်းများအတွက် နှစ်ပေါင်း 60 ကျော် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကူညီပံ့ပိုးမှု ပေးနေခဲ့ပါသည်။

ကျွန်ုပ်တို့သည် အမြတ်အစွန်းမယူသည့် လူမှုအသိုင်းအဝိုင်းကို ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းဖြစ်ကာ မည်သည့်ဘာသာရေး အဖွဲ့အစည်းနှင့်မျှ မပတ်သက်ပါ။ ကျွန်ုပ်တို့သည် သင် အခက်အခဲရင်ဆိုင်ရချိန်များနှင့် အပြောင်းအလဲ ကြုံတွေ့ရချိန်များတွင် သင့်အား ကူညီပံ့ပိုးရန်အတွက် သင့် လိုအပ်ချက်များနှင့် လိုက်လျောညီစွာ ကျွန်ုပ်တို့ ဝန်ဆောင်ပေးပါသည်။

# ကျွန်ုပ်တို့ ကူညီနိုင်ပုံများ

ကျွန်ုပ်တို့သည် ကျယ်ပြန့်များပြားသော အစီအစဉ်များနှင့် ဝန်ဆောင်မှုများဖြင့် အောက်ဖော်ပြပါ အချက်များအပါအဝင် များစွာသော ကိစ္စရပ်များ နှင့် အကြောင်းအရာများကို ကူညီနိုင်ပါသည်။

- လက်ထပ်ခြင်းနှင့် ပေါင်းသင်းဆက်ဆံရေး
- ပေါင်းသင်းဆက်ဆံရေး ထူထောင်ခြင်း
- ကွဲကွာခြင်းနှင့် ကွဲကွာပြီးနောက် ဘဝ ပြန်လည်ထူထောင်ခြင်း
- မိဘဖြစ်ရခြင်းနှင့် မိထွေးဖထွေး ဖြစ်ရခြင်း
- ကြိုတင်မစီစဉ်ခဲ့သော ကိုယ်ဝန်
- မိသားစုအတွင်း အငြင်းပွားမှုများ
- လုပ်ငန်းခွင်တွင်း စေ့စပ်ဖျန်ဖြေမှုနှင့် ဆွေးနွေးလမ်းညွှန်မှု
- မူးယစ်ဆေးဝါးနှင့် အရက်သေစာ
- ဒေါသ
- အိမ်တွင်း သို့မဟုတ် မိသားစုအတွင်း အကြမ်းဖက်မှု
- ပူဆွေးသောကဖြစ်ရခြင်းနှင့် ဆုံးရှုံးမှု
- အဆက်အသွယ်
- လောကအမြင်၊ စံတန်ဖိုးများ၊ ခံယူချက်စသည်တို့ဖြင့် လိုက်လျောညီထွေရှိမှု
- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး

# ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများ

ကျွန်ုပ်တို့၏ အစီအစဉ်များနှင့် ဝန်ဆောင်မှုများတွင်ပါဝင်သည်များမှာ -

## ဆွေးနွေးလမ်းညွှန်မှု

စိတ်ပူပန်စရာဖြစ်သည့် ကိစ္စရပ်များကို ကူညီပံ့ပိုးမှု၊ လေးစားမှုနှင့် လုံခြုံသိုသိပ်မှုရှိသော ပတ်ဝန်းကျင်တွင် ဆွေးနွေးရန် အခွင့်အရေးရှိခြင်း ဆွေးနွေးလမ်းညွှန်မှုသည် လူတစ်ဦးချင်း၊ ဇနီးမောင်နှံများ၊ သို့မဟုတ် မိသားစုများအတွက် ဖြစ်သည်။

## စေ့စပ်ဖျန်ဖြေပေးမှု

ကျွန်ုပ်တို့သည် လူများအကြား အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရာတွင် လက်မှတ်ရ ဖျန်ဖြေပေးသူများနှင့် မိသားစုများအတွင်း အငြင်းပွားမှုများကို ဖြေရှင်းပေးသူများကို အသုံးပြုပါသည်။ ဖျန်ဖြေစေ့စပ်ပေးသူများ၌ ဆွေးနွေးလမ်းညွှန်မှု၊ စိတ်ပညာ၊ လူမှုရေးလုပ်ငန်း၊ မိသားစုဆိုင်ရာ ကုထုံး၊ ဥပဒေနှင့် စီမံခန့်ခွဲမှု အပါအဝင် ကျွမ်းကျင်မှုနောက်ခံ အမျိုးမျိုးရှိကြပါသည်။

## လူမှုအဖွဲ့အစည်း ပညာပေးလုပ်ငန်း

လူတစ်ဦးချင်း၊ ဇနီးမောင်နှံများနှင့် မိသားစုများအတွက် တစ်ညတာ ဆွေးနွေးပွဲများမှအစ ရေရှည်သင်တန်းများအဆုံး ကြိုက်နှစ်သက်ရာကို ရွေးချယ်ပါ။

## အမျိုးသားများအတွက်နေရာ

ပေါင်းသင်းဆက်ဆံရေးနှင့် မိသားစုဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရေးတွင် အမျိုးသားများကို ကူညီပံ့ပိုးရန် ဝန်ဆောင်မှု

## ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

သင့်လုပ်ငန်းခွင်တွင် အထောက်အကူပြုရန် ကျွန်ုပ်တို့၌ ပုံစံချထားသည့် အစီအစဉ် မျိုးစုံ ရှိပါသည်။

## ကလေးသူငယ်များနှင့် ဆက်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများ

မိမိတို့၏ ကလေးငယ်များအတွက် အကျိုးဖြစ်ထွန်းဆုံးရှိမည့် ဆက်သွယ်မှု အစီအစဉ်များကို မိဘများက မိမိတို့၏ကိုယ်ပိုင် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရာတွင် အကူအညီပေးရန်

## အက်ဘရစ်ဂျင်နယ်များအတွက် ဝန်ဆောင်မှုများ

ကျွန်ုပ်တို့၏ အထွေထွေ ဝန်ဆောင်မှုများအပြင် ကျွန်ုပ်တို့မှာ အက်ဘရစ်ဂျင်နယ် နှင့် တောရက်စထရိတ် ကျွန်းသူကျွန်းသားများအတွက် သီးသန့်ရေးဆွဲထားသော အစီအစဉ် အတော်များများလည်း ရှိပါသည်။ ယင်းတို့အထဲတွင် Moorditj Yarning နှင့် Djinda ဝန်ဆောင်မှုများလည်း ပါဝင်ပါသည်။

## အိမ်တွင်း နှင့် မိသားစုအတွင်း နှိပ်စက်ညှဉ်းပန်းခံ နေရသူများအတွက် ဝန်ဆောင်မှုများ

ဤအခမဲ့ အဖွဲ့လိုက် အစီအစဉ်များမှာ မိမိတို့ မိသားစုအတွင်း သို့မဟုတ် ပေါင်းသင်းဆက်ဆံရေးများတွင် မတော်မတရားပြုကျင့်ခံခဲ့ရသည့် သို့မဟုတ် မတော်မတရားမှုကို ကျူးလွန်ခံခဲ့ကြရသည့် အမျိုးသမီးများ၊ လူငယ်များ၊ ကလေးများ သို့မဟုတ် အမျိုးသားများအတွက် ဖြစ်ပါသည်။

## ရှာဖွေပြီး ဆက်သွယ်ပါ

ဥပက္ခာပြုခံခဲ့ကြရသည့် ဩစတြေးလျန်းများ (Forgotten Australians) နှင့် ယခင်က ပြောင်းရွှေ့အခြေချ ကလေးငယ်များ (Former Child Migrants) ဖြစ်ခဲ့သူများ၏ ဘဝများ တိုးတက်ကောင်းမွန်ရေး အကူအညီပေးမည့် ဝန်ဆောင်မှု

## အတင်းအကျပ် မွေးစားခံခဲ့ရခြင်းအတွက် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှူ

မည်သူမဆို အတင်းအကျပ် မွေးစားခံခဲ့ရခြင်းကြောင့် ထိခိုက်နစ်နာခဲ့ရလျှင် ထိုသူတို့အား ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှု

## ပေးလျော်ရန် ကူညီပံ့ပိုးသည့် ဝန်ဆောင်မှု

မည်သူမဆို အတင်းအကျပ် မွေးစားခံခဲ့ရခြင်းကြောင့် ထိခိုက်နစ်နာခဲ့ရလျှင် ထိုသူတို့အား ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှု

## ဆွေးနွေးလမ်းညွှန်မှု နှင့် ကူညီပံ့ပိုးမှု

ဤဝန်ဆောင်မှုသည် မသန်စွမ်းသူများဆိုင်ရာ တော်ဝင် စုံစမ်းစစ်ဆေးရေး ကော်မရှင် (Disability Royal Commission) က မသန်မစွမ်းသူအဖြစ် သတ်မှတ်ခံရသူများအတွက် ဖြစ်သည်။

## သက်ကြီးရွယ်အိုများအတွက် ကူညီပံ့ပိုးမှု

ဤဝန်ဆောင်မှုများသည် သက်ကြီးရွယ်အိုများနှင့် ၎င်းတို့၏မိသားစုများကို အားပေးမှုရှိပြီး တန်ဖိုးထားခံရသည့် ခိုင်မာ၊ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေးများကို ထူထောင်ကာ ထိန်းသိမ်းသွားနိုင်ရေးတွင် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

## အလုပ်သမားများအတွက် အကူအညီပေးရေး အစီအစဉ်

အလုပ်သမားများအတွက် အကူအညီပေးရေး အစီအစဉ် Employee Assistance Program (EAP) သည် အလုပ်ရှင်များနှင့် အလုပ်သမားများအား တစ်ဦးချင်းစီ၏ ကာယစိတ္တသုခ၊ အလုပ်စွမ်းဆောင်မှုနှင့် အဖွဲ့အစည်းလိုက်စိတ်ဓာတ်တို့ကို ထိခိုက်စေနိုင်မည့် ကိုယ်ရေးကိုယ်တာနှင့်လည်းကောင်း၊ အလုပ်နှင့်လည်းကောင်း၊ သက်ဆိုင်သော စိတ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပံ့ပိုးသည့် ဝန်ဆောင်မှုမျိုးစုံ ဖြစ်သည်။